
မြတ်သင်း
မုသားပျားရည်နှစ်ဝက်
နှင့်
ဝတ္ထုတိုများ

# မုသားပျားရည်နှစ်စက်

ကြင်ယုံမရှိတုန်း သူ့အဝတ်သေတ္တာကို ဖွင့်ကြည့်ဦးမှ။

ရှားစေတွေ ပေကုန်မည်စိုးသဖြင့် လက်ကို ပုဆိုးဖြင့် နှစ်ခါ သုံးခါလောက် ပွတ်လိုက် ရသေး၏ ။ ပြီးမှ သေတ္တာထဲက ရှိစုမဲ့စု အဝတ်လေးတွေကို ထုတ်ပုံလိုက်ပြီး အထည်ကောင်း ရွေးကြည့်သည်။

စိန်ကတ္တီပါ အကျႌလေးက ဝတ်လို့ ရပါသေးတယ်။ မဆိုးသေးပါဘူး။ ရှန်အကျႌကလည်း ဝတ်နိုင်သေးတာပဲ။ ဇင်းမယ်လုံချည်ကို ဖြန့်ကြည့်မိ၏ ။ အရောင်မလွင့်သေး။ သို့သော် ပိုးတောက်ထားသည့် အပေါက်လေး တွေတော့ ရှိသည်။

"ဟောတော် . . .ဘယ့်နှယ် ထဘီတွေ ကိုင်နေရတာ လဲ အဘိုးကြီးရဲ့၊ ငရဲ ငအုံတွေ ကြီးကုန်တော့မှာပဲ"

ဈေးဝယ်ပြန်လာသော ဒေါ်ကြင်ယုံ၏ အသံကြောင့် ဖိုးတင်ငွေ လက်ထဲမှ လုံချည်ကို ဖျတ်ခနဲ လွှတ်ချလိုက်သည်။

"မင်္ဂလာဆောင်သွားရင် မင်းဝတ်စရာ အဝတ်မှ ရှိရဲ့လားလို့ပါကွယ်"

"ရှိတာပဲ ဝတ်သွားတာပေါ့တော်။ ဒီအရွယ်ရောက်မှတော့ လှဖို့ မလိုတော့ပါဘူး"

ဒေါ်ကြင်ယုံက ဈေးခြင်းကို ချလိုက်ရင်း ပြောသည်။

"မင်္ဂလာဆောင်ကို ရှင်ပါ လိုက်ခဲ့စေချင်တာ။ မမြခင်တို့က ရှင့်ကိုလည်း တွေ့ချင်ကြမှာပဲ"

"ဒါတော့ ဒါပေါ့ကွယ်။ ဒါပေမဲ့ ဆရာလွင်တို့ အလှူကလည်း အသွားလို့ ဘယ်ကောင်းပါ့မလဲ။ တိုက်တိုက် ဆိုင်ဆိုင် အလှူနဲ့ မင်္ဂလာဆောင် ကလည်း တစ်ရက်တည်း ဆိုတော့ ဒီလိုပဲ လူခွဲပြီး သွားကြမှ အဆင်ပြေ တော့မှာပေါ့"

ဒေါ်ကြင်ယုံက စျေးခြင်းထဲမှ ဖီးကြမ်းငှက်ပျောသီး နှင့် ဆေးလိပ်စည်းများ ကို ထုတ်လိုက်သည်။

"ဆေးလိပ်တွေကလည်း စျေးတက်လိုက်တာ လွန်ပါရော။ ကိုယ်က ပြန်ရောင်းတော့ သိပ်စျေးတင်လို့ ရတာ မဟုတ်ဘူး။ ငှက်ပျောသီးက နည်းနည်းတော့ စိမ်းတယ်။ အလုံးညီပြီး လှလို့ ဝယ်လာတာ။ ဆိုင်မှာ ချိတ်ထားရင်း မှည့်လာမှာပါ"

ဖိုးတင်ငွေက ထိုင်ရာမှ တဖြည်းဖြည်း အားယူ၍ ထသည်။

"ငါ ဆိုင်ကိုသွားတော့မယ်။ မင်းမလာသေးလို့ စောင့်နေတာ"

"ဟုတ်ကဲ့၊ ငှက်ပျောဖီး ကထားခဲ့ပါ။ ကျုပ်လာမှ ယူခဲ့ပါမယ်။ ဩော် . . . နေဦး . . .နေဦး . .သွေးဆေးနဲ့ သကြားနဲ့ ဖျော်လိုက်ဦးမယ်။ ဆေးသောက်ပြီးမှသွား။ မနေ့ညက ခေါင်းမူးတယ်ဆို"

ဖိုးတင်ငွေ ပြန်၍ ထိုင်ရပြန်သည်။ ခရေပင်တန်းကြားမှ တရွေ့ရွေ့ တွားသွားနေသော မြေနီလမ်းလေးကို ငေးကြည့်နေမိ၏ ။

* *

# (၂)

အလှူမဏ္ဍပ်ထဲမှာ ပရိသတ်တွေ ကျိတ်ကျိတ်တိုးနေသည်။ ခြေသုတ်ခုံမှာ ခြေသုတ်ရင်း လှမ်းကြည့် လိုက်၏ ။ ဟိုမှာ ဆရာလွင် မဟုတ်လား။ ဆရာလွင် ရုပ်ကျမသွားသေးဘူး။ နည်းနည်းတော့ ပိုပြီးတောင် ခန့်လာသေးတယ်။

"အဘ ဒီဘက်ကြွပါ၊ ဒီမှာထိုင်ပါ"

လူငယ်လေး တစ်ယောက်က သူ့ကိုခေါ်ပြီး မဏ္ဍပ်၏ ဝဲဘက်ခြမ်းရှိ လွတ်နေသော နေရာတွင် အထိုင်ခိုင်းသည်။ အင်း . . .နည်းနည်း အိုက်စပ်စပ် နိုင်သလားပဲ။ ဆိုင်ကို စိတ်ရောက် သွား၏ ။ ဆိုင်ကိုတော့ ပိတ်ထားခဲ့ ရတာ ပဲ။ မတတ်နိုင်ဘူး။ မကြင်ယုံကတော့ ပြောပါတယ်။ မယ်လှသမီးလေးကို တစ်မနက်လောက် အထိုင်ခိုင်းရင် ရတယ်လို့။ ဒါပေမယ့် ကိုယ်က စိတ်မှမချတာ။ ဒီကောင်မလေးက ကွမ်းယာတောင် အပေါက်အလမ်း တည့်အောင် ယာတတ်တာ မဟုတ်ဘူး။ တစ်နေ့က ကြည့်ပါလား။ ကွမ်းရွက်ပေါ်မှာ ရှားစေးကို အရင်သုတ်ပြီး ထုံးကိုနောက်မှ သုတ်ရတယ်လို့။ ကြားကြားဖူးပေါင်။ ဒီတော့ ထုံးသုတ်တံမှာ ရှားစေတွေ ပေကုန်တာပေ့ါ။ အဲဒီ သုတ်တံကို ထုံးအိုးထဲ စွက်ခနဲ စိုက်လိုက်တော့ ထုံးရည်ဖြူဖြူ ထဲမှာ ရှားစေညိုညိုတွေ ပျံ့ကုန်ပြန်ရော။ ဘယ်မှာ သပ်ရပ်ပါ တော့မလဲ။ ဒါနဲ့ ငေါက်ပစ်လိုက်တယ်။ ကြင်ယုံကတော့ ဝင်ပြောပါသေးတယ်။

"တော်ကလည်း တော်ထုံးအိုးထဲကို ဘယ်သူကဆင်းပြီး ကမှာမို့လဲ" တဲ့ ။ အင်းလေ . . .ကိုယ်က ဘာမဆို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိနေမှ ကျေနပ်တာကိုး။ ဒါဟာ အနုပညာ သမားရဲ့ ဉာဉ်ပဲလား မသိပါဘူး။

ဩော် . . .အနုပညာဆိုလို့ ဆရာလွင်တို့များ ကျတော့လည်း အနုပညာနဲ့ အကျိုးပေး လိုက်တာနော်။ ခုထိ တီးတုန်း ဆိုတုန်း။ အနုပညာ ဆိုတာ အိုတယ် မရှိဘူးတဲ့ စကားဟာ ဆရာလွင် တို့အတွက်တော့ တယ်မှန်တာပဲ။ သူကလည်း တကယ့်ပါ ရမီရှင်ပဲလေ။ အကြာကြီး တွဲခဲ့ဖူးတဲ့လူတွေပဲ။ ကိုယ့်ဝိုင်းခေါင်းဆောင် အကြောင်း ကိုယ်အသိဆုံးပေ့ါ။

"ရော့ . . . အဘ ထမင်းစားလက်မှတ်"

စောစောက နေရာချပေးသော ကောင်းလေးက မီးရထား လက်မှတ်အရွယ် အဝါရောင် ကတ်ပြားလေး တစ်ခု လာပေး၏ ။ သူတို့ အလှူက ဒန်ပေါက်ထမင်း ကျွေးတာဆိုတော့ ဒီလို လက်မှတ်တွေ ဘာတွေနဲ့ သေချာကျကျနန လုပ်ရတာ ကိုး။ ဆရာလွင်၏ မြေးရှင်လောင်း များ မဏ္ဍပ် ခေါင်းရင်းက

စင်မြင့်ပေါ်မှာ သွားထိုင်နေသည်ကို မြင်ရ၏ ။

"အနီရောင် လက်မှတ်ရတဲ့ ပုဂ္ဂိုလ်များ ကျွေးရုံကို ကြွပါခင်ဗျား"

အသံချဲ့စက်မှ အော်သံကိုကြား ရ၏ ။ မဏ္ဍပ်ထဲမှ လူအချို့ ထွက်သွားကြသည်။

ဆရာလွင် နှင့် စကားပြောချင်စိတ်တွေ ရင်ထဲမှာ တလိပ်လိပ် ပေါ်ထွက်လာသည်။ ဟိုတုန်းက သဘင်ဝန်တို့၊ အေးဝမ်းတို့မှာ ဓာတ်ပြားသွင်းတုန်းက ကြုံခဲ့တဲ့ အဖြစ်အပျက် ကလေးတွေ ပြန်ပြောရင်း တမြုံ့မြုံ့ အရသာခံချင်သည်။ ရုတ်တရက် ထရပ်ပြီး လူအုပ်ကြားထဲ တိုး၍ လှမ်းလာခဲ့၏ ။

"အဘ ဘယ်လဲ ဘယ်သွားမလို့လဲ"

စောစောက လူငယ်လေး ရောက်လာပြီး ဖိုးတင်ငွေ၏ အကျႌစကို ကျောဘက်မှ စုဆွဲထားရင်း ပျာပျာသလဲ မေးသည်။ ဖိုးတင်ငွေ နောက်သို့ အနည်းငယ် ယိုင်သွား၏ ။

"ငါ ဆရာလွင်နဲ့ စကားသွားပြောမလို့ပါကွာ"

လူငယ်က ဖိုးတင်ငွေ၏ ပုဆိုးအကျႌတို့ကို မျက်စိကို ရှုံ့ရင်း အစုန်အဆန် ကြည့်နေသည်။

"နေဦး အဘရဲ့၊ ဆရာကြီးက ဟိုမှာ ထိပ်တန်းပုဂ္ဂိုလ် တွေကို ဧည့်ခံနေတာ၊ အဘသွားလို့ မဖြစ်သေးဘူး"

လူငယ်လေး၏ စကားကြောင့် အသာပြန်ပြီး ထိုင်နေလိုက်ရ၏ ။ ဆရာလွင်တို့များ တယ်ပြီး ကုသိုလ်ကောင်းတာပဲနော်။ သူ့အလှူကို ထိပ်သီးပုဂ္ဂိုလ်တွေတောင် လာပြီး ချီးမြှင့် ရတာ ပဲ။

မဏ္ဍပ်ရှေ့တွင် ခေတ်ပေါ်ကားလေး တစ်စီး ထိုးရပ်၏ ။ ကားပေါ်မှ အဝတ်အစား ပြိုးပြိုး ပြောင်ပြောင် ဝတ်ထားသော လူငယ်တစ်ဦး နှင့် အပေါင်း

အသင်းများ ဆင်းလာသည်။ ပရိသတ် အားလုံး ဝိုင်းကြည့်နေကြ၏ ။ အချို့က မတ်တတ်ထပြီး ကြည့်ကြသဖြင့် မဏ္ဍပ်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

“သော်နောင်စိုး . . .သော်နောင်စိုး”

“အဲဒါ သော်နောင်စိုးလေ၊ အဆိုတော် ရုပ်ရှင်မင်းသား သော်နောင်စိုးပေါ့”

တီးတိုး ပြောသံများ နေရာအနှံ့ အပြားမှ ပေါ်ထွက်လာသည်။ ခေါင်းရင်းဝိုင်းတွင် ထိုင်နေရာမှ ဆရာလွင် ထပြီး လျှောက်လာသည်ကို မြင်ရ၏ ။ ငါ့အနား ရောက်လာရင်တော့ နှုတ်ဆက်ဖြစ်အောင်ကို ဆက်လိုက်မယ်။ ဆရာလွင် လျှောက်လာသည့် လမ်းကြောင်းသည် ဖိုးတင်ဋွေနှင့် လူနှစ်ယောက် စာလောက်သာ ခြားသဖြင့် အားတက်နေမိ၏ ။ ဆရာလွင် ငါ့ကို မြင်ပါစေ။ မြင်ပါစေ။ ဟော . . . ဆရာလွင် ငါတို့နား ရောက်လာပြီ။ ငါ့ကို ကြည့်နေပြီ။ ငါ့ကို မြင်သွားပြီ။ ဆရာလွင် ငါ့ကို မြင်သွားပြီ။ ဟင် . . . .မျက်လွှာ ချသွားပါလား။ နှုတ်လည်း မဆက်ပါလား။ မမှတ်မိဘူး ထင်ပါရဲ့။ ဆရာလွင် ငါ့ကို မမှတ်မိတော့ဘူး ထင်တယ်။ အေးလေ . . . ပရိသတ်တွေက များတာကိုး။ လူအုပ်ထဲမှာ ဆိုတော့ ဇဝေဇဝါ ဖြစ်နေမှာပေါ့။ မမှတ်မိလို့ပါ၊ ဆရာလွင်က မာနမကြီး တတ်ပါဘူး။

ဒီအခြေအနေ မျိုးမှာ ကိုယ်ကလည်း ဖွတ်နှုတ်မဆက်ရဲတော့ပါဘူး။ ပါးစပ်က အာစေးထည့် ထားသလို ဖြစ်နေပါပြီ။

ဟော . . . .ဆရာလွင်နဲ့ ရုပ်ရှင်မင်းသားလေးနဲ့ တွေ့နေကြပြီ။ အမယ် . . . ရုပ်ရှင်မင်းသားလေးက ဆရာလွင်ကို လက်အုပ်ချီပြီး ဂါရဝပြုသဗျ။ ဆရာလွင် တို့များနော် ဒီနေ့ခေတ် လူငယ်တွေနဲ့လည်း ဝင်ဆန့်တုန်းပဲ။

“အဝါရောင် လက်မှတ်ရတဲ့ ပုဂ္ဂိုလ်များ ကျွေးရုံကို ကြွပါခင်ဗျား”

အသံချဲ့စက်မှ ဖိတ်ခေါ်သံ ပေါ်ထွက်လာသဖြင့် ကျွေးရုံသို့ သွားခဲ့ရ၏ ။

ထမင်းစားပြီး ပြန်လာတော့ ညှော်သည့်အသစ်တွေ ထပ်ရောက်ပြီး ပြည့်ကျပ်နေသဖြင့် မဏ္ဍပ်ထဲသို့ ပြန်မဝင်ဖြစ်တော့။ အိမ်ကိုသာ ပြန်လာခဲ့တော့၏ ။

ဆရာလွင် ငါ့ကို မမှတ်မိဘူးနော်၊ သြော် . . .မမှတ်မိတာ ဘာဆန်းလဲ။ ငါကလည်း အရင်တုန်းက ပတ္တလားတင်ငွေမှ မဟုတ်တော့တာ။ ငါ့ရုပ်ကလည်း ပြောင်းခဲ့ပြီ။

အရင်က ပတ္တလားလက်ခတ် ကိုင်ခဲ့တဲ့ ငါ့လက်တွေကလည်း ထုံးသုတ်တံ၊ ရှားစေသုတ်တံ တွေကို ပြောင်းပြီး ကိုင်နေခဲ့ရပြီလေ။

* *

## (၃)

လမ်းထိပ်ရောက်၍ မင်္ဂလာခန်းမကို လှမ်းမြင်ရသည်နှင့် ဆိုက်ကားကို ကတန်းကမန်း အရိုပ်ခိုင်းလိုက်ရ၏ ။

ဒါတောင် ဆိုက်ကားသမားက ခန်းမရှေ့အထိ လိုက်ပို့ပါ့မယ် တကဲကဲနှင့် လောကွက်ချော်သေး သဖြင့် တော်ပါပြီကွယ်။ ဒီနေရာမှာပဲ ရပ်ပါတော့ဟု မနည်းပြောယူရသည်။ ဘာပဲပြောပြော အစီအရီ ရပ်ထားတဲ့ မင်္ဂလာပွဲလာ ကားလှလှတွေရဲ့ ရှေ့က ဆိုက်ကားနဲ့ ဖြတ်ပြီး သွားရမှာ ရှက်သလိုလို ရွံ့သလိုလို ဖြစ်မိတာတော့ အမှန်ပဲ။

အေးငြိမ့်သော ဂီတသံများ လွှမ်းခြုံဖြန့်ကြက်နေသည့် မင်္ဂလာခန်းမ အတွင်းသို့ ဝင်လာခဲ့၏ ။ အဝင်ဝ၌ မိန်းမပျို လေးများက သတို့သား၊ သတို့သမီး အမည်ပါသော ကတ်ပြားလေး တစ်ခုနှင့် စီးကရက်တစ်လိပ် ကမ်းပေး၏ ။

စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ရင်း ကိုတင်ငွေသာ ပါလာရင်တော့ တီးဝိုင်းကို သိပ်သဘောကျ မှာပဲဟု တွေးနေမိသည်။ ဟိုတုန်းက ကိုတင်ငွေက ပတ္တလားတီးပြီး မိမိက စည်းဝါးကိုင်ကာ သီးချင်းဆိုခဲ့ပုံများကို ပြန်သတိရ နေမိသည်။

ဩော် . . .ဒါနဲ့ မမြခင်တစ်ယောက် မတွေ့ရသေးပါလား။ ဘယ်နေရာမှာ ဘာအလုပ်တွေ များ ရှုပ်နေလို့ပါလိမ့်။ အေးလေ . . .သတို့သမီး မိခင်ဆိုတော့ အလုပ်များပေမှာပေ့ါ။ မမြခင်နဲ့ တွေ့လို့ကတော့ လက်မောင်းကို ဆွဲဆိတ်ပြီး ငယ်ကျိုးငယ်နာတွေ ပြန်ဖော်ရင်း စလိုက် ပြောင်လိုက်ဦးမယ်။ အူလှိုက်သည်းလှိုက် မရယ်မမော ရတာ ကြာလှပြီလေ။

ဘိသိက်ဆရာ စင်ပေါ်တက်လာပြီး အခမ်းအနားစ၏ ။ အားလုံးငြိမ်သက်စွာ ထိုင်နေကြသည်။ ဘိသိက်ဆရာက ပဏာမစကားပြောခြင်း၊ သတို့သားနှင့် သတို့သမီးကို ပွဲထုတ်ခြင်း၊ လက်ထပ်ပေးခြင်း၊ မင်္ဂလာစကားပြောခြင်း၊ ကျေးဇူးတင် စကားပြောခြင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာခြင်း တို့ကို အစဉ်အလာအတိုင်း ပြုလုပ်သည်။

မမြခင်အား တွေ့လိုမြင်လိုစိတ် ပြင်းပြနေသော ဒေါ်ကြင်ယုံမှာ အခမ်းအနားပြီး အောင် မနည်းအောင့်အည်း နေရ၏ ။ တွေ့ချင်တာပေ့ါတော်။ မမြခင်တို့နဲ့ ကျုပ်တို့နဲ့ အိမ်ချင်းကပ် နေလာကြတာ။ မမြခင်တို့ အခုလို ဆိုင်ကြီး ကန္နားကြီးနဲ့ မဖြစ်ခင် လင်မယား နှစ်ယောက် အပ်ချုပ်စက်လေး တစ်လုံးနဲ့ တကုတ်ကုတ် လုပ်ကိုင်စားနေစဉ် ကတည်း ကျုပ်တို့နဲ့ ခင်မင်လာကြတာ။ ကျုပ်နဲ့သူနဲ့က လက်ဖက်အတူ သုပ်စားဖက်၊ ဈေးအတူ သွားဖက်တွေ။ ဟယ် . . .ဟိုမှာ မမြခင် မဟုတ်လား။ သွားနှုတ်ဆက်ဦးမှ။ မမြခင်နှင့် သတို့သား၊ သတို့သမီး တို့က ထိပ်ပိုင်းရှိ လူကုံထံ စားပွဲဝိုင်းများ ဘေးမှာရပ်ရင်း ဓာတ်ပုံအရိုက် ခံနေကြ၏ ။ ကင်မရာမီးရောင် တလက်လက်တွင် စိန်ရောင်၊ ရွှေရောင် တွေ ပြုံးပြက်နေသည်။

ဒေါ်ကြင်ယုံတစ်ယောက် လှမ်းခြေယူ နေးခဲ့ရ၏ ။

အိုး . . .သွားလို့မဖြစ်ပါဘူး။ ပိုးပဝါ၊ ဂျပန်ပိုးနဲ့ ကြိုးကြီးချိတ်တွေ ကြားမှာ စိန်ကတ္တီပါ အကျႌအနွမ်းလေးက သွားနှုတ်ဆက်ရင် မမြခင်တို့ကို ဂုဏ်သရေ ညှိုးနွမ်းအောင် လုပ်ရာရောက်တော့ မပေါ့။ မတော်တဆ ခတ်ပုံထဲများ ပါသွားမှဖြင့် လှနေတဲ့ မြင်ကွင်းလေး ငါ့ကြောင့် အကျည်းတန်သွား ပါရော့မယ်။ နှုတ်မဆက်တော့ပါဘူး။ မမြခင် မြင်သည် ဖြစ်စေ၊ မမြင်သည် ဖြစ်စေ မင်္ဂလာဆောင်ကို ကိုယ်ရောက်ဖို့က ပဓာနပဲ မဟုတ်လား။

ဒေါ်ကြင်ယုံသည် တင်းထားသော စိတ်ကို အဆုံးတိုင် လျှော့ချပစ်လိုက်၏ ။ နေသာထိုင်သာ ရှိသွားသဖြင့် အရည်ပျော်စပြုနေသော ရေခဲမုန့် တစ်ဇွန်းကို ကော်စားလိုက်သည်။

ထို့နောက် စားပွဲမှထသည်။

ထီလက်မှတ်ထည့်၍ ပိတ်ထားသော စာအိတ်လေး တစ်လုံးကို ငွေဖလားထဲသို့ ထည့်လိုက်ရင်း မင်္ဂလာခန်းမထဲမှ ခပ်ရှို့ရှို့ ထွက်လာခဲ့၏ ။

* *

## (၄)

ဒေါ်ကြင်ယုံက အကြော်ဆန်များကို ပလတ်စတစ် အိတ်ငယ်များထဲသို့ ထည့်နေသည်။

ဖိုးတင်ငွေက ကွမ်းရွက်ဗန်းကို ရေစိုအဝတ်စဖြင့် အုပ်ထားလိုက်ပြီး ဒေါ်ကြင်ယုံ အနီးမှာ လာထိုင်၏ ။

“မင်္ဂလာဆောင်ကတော့ စည်လိုက်တာတော်။ မပြောပါနဲ့တော့

ဆရာလွင်တို့ အလှူကရော စည်ရဲ့လား”

“အေးကွဲ့ . . . စည်တယ်”

ဒေါ်ကြင်ယုံက လက်ဖက်ဇလုံထဲမှ လက်ဖက်သား အနည်းငယ် ကို နှိုက်ယူလိုက်ပြီး လက်ထဲတွင် အတောင့်လေး ဖြစ်အောင် ဆုပ်သည်။ ထို့နောက် ပလတ်စတစ်အိတ် ထဲသို့ သွင်းလိုက်၏ ။

ဖိုးတင်ငွေက ဖယောင်းတိုင် တစ်တိုင်ကို မီးညှို၏ ။ အကြော်ဆန် ထည့်ထားသော ပလတ်စတစ်အိတ် တစ်အိတ်ကို ကောက်ယူသည်။ အဝဘက်မှ အနားများကို သံပေတံမှာ တင်၍ ခေါက်၏ ။ ဖယောင်းတိုင် မီးတောက်တွင် ဘယ်ညာရွှေ့၍ အလိုက်သင့် အပူပေးရင်း ပလတ်စတစ်အိတ်ကို ပိတ်သည်။

“မမြခင်ကတောင် တော့်ကို မေးနေသေးတယ်။ ကိုတင်ငွေကြီး အရင်လို ကျန်းကျန်းမာမာ ပဲလားတဲ့”

ဒေါ်ကြင်ယုံက ဗန်းထဲမှ အကြော်ဆန် ထည့်ထားသော ပလတ်စတစ် အိတ်ကလေးတွေကို စီသလိုလိုနှင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားရင်း ပြောသည်။

“မင်းကိုလည်း ဆရာလွင်က မေးရှာပါတယ်ကွာ။ ကြင်ယုံတစ်ယောက် ရော အခု သီးချင်း ဆိုသေးလားတဲ့”

အသံမကုန်အောင် ထိန်းရင်း ဖိုးတင်ငွေက ပြန်ပြောလိုက်လေသည်။

**(၂၀၀၅ ၊ ဇူလိုင်၊ မဟေသီမဂ္ဂဇင်း)**

* *

# အင်းကြွင်းမြိုင်

## (၁)

ကောလိယမြို့ကလေးမှ ဗိသုကာတစ်ဦး ဖြစ်သော ကိုဘမင်းအဖို့ ယခုကဲ့သို့ ကြုံဆိုဇည့်ခံပွဲ အခမ်းအနားတစ်ခုကို တာဝန်ယူ ဆောင်ရွက်ရန် ကိစ္စသည် ၎င်း၏ ပင်မလုပ်ငန်းနှင့် သက်ဆိုင် လှသည်ဟု မဆိုသာသော်လည်း မြက်မြက်ကလေး စားရမည်မှာ အသေအချာ ဖြစ်သောကြောင့် လက်ခံလိုက် မိခြင်း ဖြစ်လေသည်။ လုပ်ငန်းလာရောက် အပ်နှံသူမှာ ဒရယ်ဖိုရွာသူကြီး ဦးသံရောက် ဖြစ်၏ ။

ဟင်းအလုပ်ကို လက်ခံခဲ့ပြီးနောက် သူကြီး ဦးသံရောင်နှင့် အတူ သူဌေးကြီး၏ လူယုံတော် ကိုညိုလည်း ပါလာခဲ့ရာ ကိုညို၏ ဇီဇာကြောင်ပုံ များကို မြင်တွေ့ရသော အခါတွင်မူ ဤလုပ်ငန်းကို မိမိလက်ခံခဲ့မိသည်မှာ မှားများ မှားသွားပြီ လားဟု ကိုဘမင်း တွေးမိသည်။

“မောင်ဘမင်းကို နည်းနည်းရှင်းပြ ရဦးမယ်၊ သူဌေးကြီး ဦးကျော်ခေါင် ကိုတော့ မောင်ဘမင်း သိတယ် မဟုတ်လား”

“ဟုတ်ကဲ့၊ ကြားဖူးပါတယ်”

“ထိပ်တန်း သူဌေးကြီးပေါ့ကွယ်၊ သူဌေးကြီးဆိုလို့ သူကြွယ်မျိုးရိုးက ပေါက်ဖွားလာတယ် လို့တော့ မထင်လိုက်နဲ့၊ ဒရယ်ဖိုရွာသား ဖက်ဆွတ်တောင်ရိုးက သစ်ခုတ်သမားလေး ပါကွယ်။ သူ့ရဲ့ ကြံရည်ဖန်ရည်နဲ့ လုံ့လဝီရိယကြောင့် ခုလို ရွှေတိုက်စာရင်းဝင် သူဌေးကြီး တစ်ဦး ဖြစ်လာခဲ့ ရတာ ပေါ့။ ဒီနှစ်ပိုင်းမှာ သူဌေးကြီးက ထူးထူးဆန်းဆန်း ချင်ခြင်းတစ်ခု ဖြစ်လာသကွဲ့။ အဲဒါကတော့ ဒရယ်ဖို့ရွာကလေးကို ပြန်လာပြီး အလှူအတန်း ကြီးကြီးကျယ်ကျယ် လုပ်ချင်တာပဲ။ အဲဒီ လိုလုပ်ဖို့ အတွက် ရွာကို တစ်ခေါက်လာကြည့် ချင်တယ်။ ဒီလိုလာ

ကြည့်တဲ့အခါ သူ့အဖွဲ့လည်း ပါလာမှာမို့ ဒရယ်ဖိုရွာမှာ တည်းဖို့ ခိုဖို့ ဧည့်ခံဖို့ အတွက် အစစ အရာရာ မောင်ဘမင်းက စီစဉ်ဖို့ပါပဲကွယ်”

ကိုညိုကား အသက်သုံးဆယ့်ငါးနှစ်ခန့် အသားမဖြူမညို၊ မျက်လုံး ပြူးပြူး၊ နှာတံပိပိ ၊ နှုတ်ခမ်းပါးပါး နှင့် ဖြစ်သည်။ ကွမ်းအမြဲ စားလေ့ ရှိသဖြင့် သူစကားပြော သည့်အခါတွင် ခံတွင်းနံ့ သင်းပျံ့သည်။

“ဧည့်ခံပွဲက နှစ်နေရာ လုပ်မယ် ကိုဘမင်းရဲ့၊ ပထမ နေရာက ဒရယ်ဖို ရွာထဲမှာ လုပ်မယ်၊ ရွာသူ ရွာသားတွေကို ကျွေးမွေးမယ့် အလှူပွဲပါ”

“ဒါကတော့ မောင်ဘမင်း အာရုံစိုက်စရာ မလိုပါဘူး၊ တို့များကပဲ ဦးစီးပြီး ရွာသူရွာ သားတွေနဲ့ စီစဉ်လိုက်မှာပါ”

သူကြီး ဦးသံရောင်က ဝင်ပြော၏ ။

“ဒုတိယ နေရာက ဖက်ဆွတ်တောင်ထိပ်က အင်ကြင်းမြိုင် မှာလုပ်မယ်”

“ဗျာ . . . မလုပ်ပါနဲ့ ကိုညိုရာ၊ တကယ့် တောခေါင်ခေါင် ကြီးထဲမှာ ”

“သူဌေးကြီးရဲ့ ဆန္ဒလေ ကိုဘမင်းရဲ့၊ ကျွန်တော်က စောဒကတက်ခွင့် မှမရှိတာ”

ဒရယ်ဖိုရွာ ဘုန်းတော်ကြီး ကျောင်း၏ တောင်ဘက် ဇောင်းခြမ်းပင်ကုန်း ထဲတွင် သူဌေးကြီးနှင့် ရန်ကုန်မှပါလာသည့် ဧည့်သည်များတည်းရန် ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါသော အဆောက်အအုံ ငယ်လေးများကို ကိုဘမင်းက ဆောက်ပေး ရ၏ ။

တဲငယ်လေးများ အစီအရီနှင့် ဇောင်းခြမ်းပင်ကုန်းကား ဇူးလူးရွာလေး တစ်ရွာသဖွယ် ရှိလေသည်။

ကိုညိုသည် သူဌေးကြီး မလာမီ ဒရယ်ဖိုရွာသို့ နှစ်ခေါက်မျှ ရှေ့ပြေးရောက်နှင့် သည်။ ယင်းကာလအတွင်း ကိုဘမင်းနှင့် အတော်အသင့်

ရင်းနှီးခဲ့ပြီး ဖြစ်သော်လည်း လုပ်ငန်းနှင့် ပတ်သက်လာလျှင်မူ အလျှော့ပေးလေ့မရှိပေ။ တိတိကျကျ ညွှန်ကြားပြော ဆိုတတ်ပေသည်။

သူဌေးကြီးနှင့် အဖွဲ့ရောက်လာလျှင် သုံးစွဲမည့် ပန်းကန်၊ ခွက်ယောက်၊ လက်သုတ်ပဝါ၊ ဇွန်း၊ ခက်ရင်း ကအစ ကိုညိုအား ခင်းကျင်းပြသ ရ၏ ။ စားပွဲရှည်တစ်လုံးပေါ်တွင် ပစ္စည်းတစ်မျိုး လျှင် နမူနာသုံးမျိုးခန့် စီတန်းပြသထား ရ၏ ။ ယင်းတို့ အထဲတွင် ကိုညိုက နှစ်သက်ရာ ပစ္စည်းတစ်ခုကို ရွေးချယ် အတည်ပြုပေးလေသည်။

ဖက်ဆွတ်တောင်ထိပ်မှ ညှော့်ခံပွဲတွင် သုံးရန်အတွက် စဥ့်ပန်းကန်၊ ဝါးပန်းကန်နှင့် ယွန်းပန်းကန် များကို လှပအောင် ခင်းကျင်းပြခဲ့သော်လည်း ကိုညိုက လက်ခံခြင်း မပြုပေ။

“အသစ်အဆန်းတော့ ဖြစ်ပါရဲ့၊ ကျေးလက်လည်း ဆန်ပါရဲ့၊ ဒါပေမဲ့ ကြမ်းလွန်းတယ်ဗျာ၊ တော်ပြီ . . တော်ပြီ၊ ရန်ကုန်ကပဲ ပန်းကန်တွေ သယ်လာတော့မယ်၊ ဒေသအငွေ့ အသက်ပါအောင် ပန်းကန်ပေါ်မှာ ငှက်ပျောဖက်ဝန်း ခင်းပေးလိုက်ရင် မကောင်းဘူးလား”

သူကြီး ဦးသံရောင်ကတော့ ပစ္စည်းပြပွဲ မအောင်မြင်သည့် အခါတိုင်း အနေရခက်တတ်သည်။

“တတ်နိုင်သမျှ ဒီကပစ္စည်းတွေကို သုံးဆောင်လုပ်ပေးပါ၊ မောင်ဘမင်းရဲ့၊ တို့များ ကလည်း သူဌေးကြီး ကို ကျေးဇူးပြုချင်တယ်လေ”

သူဌေးကြီး ရေချိုးရာတွင် သုံးစွဲရန်အတွက် မန်ကျည်းသီးမှည့်များ စုဆောင်း ထားရသည်။ ယင်းမန်ကျည်းနှစ်များကို ထုထောင်း၍ အနှစ်ရအောင် ပြုလုပ်ပေးရ၏ ။ မန်ကျည်းနှစ်များကို ဆေးတစ်မျိုးနှင့် ရောစပ်ပြီး သူဌေးကြီးက ရေချိုးသည့် အခါတွင် သုံးလေ့ ရှိသည်ဟု ဆိုသည်။

“အစားအသောက် ကတော့ ရာသီစာ၊ ဌာနီစာတွေပဲ ဦးစားပေးပြီး

စီစဉ်ပါ ကိုဘမင်းရယ်”

တတ်နိုင်သမျှ ဦးဦးဖျားဖျား၊ ထူးထူးခြားခြား လေးတွေဖြစ်အောင် စီစဉ်ထားရသည်။

“သူဌေးကြီးက တစ်ခါတစ်ရံ ငှက်သိုက်သောက် တတ်တယ်၊ ငှက်သိုက်ရှာထားဦး၊ ပြီးတော့ ဝိုင်ဖြူလည်း သောက်တယ်၊ ညအိပ်ရာဝင်မှာတော့ သဘောသီးနှစ်စိတ်နဲ့ ဟောလစ်တစ်ခွက် သောက်လိမ့်မယ်”

ကိုညို မှာကြားသည့်အတိုင်း အားလုံးကို အဆင်ပြေအောင် စီစဉ်ပေးထား၏ ။

ကတ္တရာလမ်းမှ ဒရယ်ဖိုရွာသို့ သွားသော လှည်းလမ်ကို မော်တော်ကားမောင်း၍ ကောင်းအောင် အလုပ်သမားများဖြင့် မြေညှိပေးရသည်။ ကိုညို၏ အစီအမံကောင်းသော ကြောင့် တစ်ကြောင်း၊ ကိုဘမင်း၏ ဆောင်ရွက်မှုကောင်းသောကြောင့် တစ်ကြောင်း သူဌေးကြီးနှင့် အဖွဲ့ ရွာကို ရောက်လာပြီးနောက် သူဌေးကြီးဘက်မှ စိတ်တိုင်းမကျမှု တစ်စုံတစ်ရာ မရှိပေ။

ကိုဘမင်းတို့ ဘက်မှသာ သူဌေးကြီး နှင့် အတူပါလာသော ရွှေကုန်သည်လူဝကြီး၏ မိန်းမဆန်ဆန် အပြစ်တင်စကား များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။

“သူဌေးကြီး မျက်နှာကို ထောက်ထားပြီး သည်းခံပါ မောင်ဘမင်းရယ်”

သူကြီး ဦးသံရောင်က ပြော၏ ။

မှန်သည်။ သူဌေးကြီး ၏ မျက်နှာကို ထောက်ထားရပေမည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် သူဌေးကြီး ဦးကျော်ခေါင်၏ မျက်နှာသည်ကားထောက်ထားချင်စဖွယ် ဝင်းပတင့်တယ် နေသော မျက်နှာ ဖြစ်ပါပေ၏ ။

* *

# (၂)

အင်ကြင်းမြိုင်ရှိ စည်မျက်နှာကဲ့သို့ ပြန့်ဖြူးသော မြေညီညီတွင် မဏ္ဍပ်ကြီး တစ်ခု အခိုင်အမာ ဆောက်ထားသည်။ မဏ္ဍပ်ထဲသို့ ဝင်လိုက်လျှင် မျက်နှာကြက် သစ်သားပြားများကို မမြင်ရပေ။

တစ်နွယ်နှင့်တစ်နွယ် ယှက်လိမ်နေသော ခုံညင်းနွယ် စိမ်းစိမ်းကြီးများ ကိုသာ မြင်ရလိမ့်မည် ဖြစ်၍ ။ ဧရာမခုံညင်းပင် အနွယ်ရုံကြီး အတွင်းမှာ ရောက်ရှိ နေသကဲ့သို့ ခံစားရသည်။ သူဌေးကြီး ဦးကျော်ခေါင် ငယ်စဉ်က ဤတောတောင်ထဲ၌ ခုံညင်းပင် (ဒိုးပင်) ကြီးများ၊ သည်ကျွန်းပင်၊ ပိတောက်ပင်ကြီးများ ပေါ်၌ နွယ်ယှက်ကာ မဏ္ဍပ်ကြီးများသဖွယ် ဖြစ်တည် နေခဲ့ဖူးသည်ဟု ဆိုသည်။

ခရီးသွားများသည် ဤကဲ့သို့သော ခုံညင်းနွယ်ရုံ များအောက်သို့ ရောက်သော အခါ ဇရပ်တစ်ခုအတွင်းသို့ ရောက်သည့် အာလား အေးအေးလူလူ နားနေကြ သည်ဟု ဆိုသည်။

ရွာသူရွာသားများ ကလည်း ဤကဲ့သို့သော ခုံညင်းပင် နွယ်အရုံ ကြီးများအောက်သို့ လာရောက်ကာ နှီးဖြာကြ၊ တောင်းရက်ကြ၊ လျှော်ခွာကြ၊ ကြိုးကျစ်ကြနှင့် ပျော်ရွှင်ဖွယ်ရာ စည်ကားသိုက် မြိုက်ခဲ့သည်ဟု ဆိုသည်။

ယနေ့ကာလ၌ ထိုကဲ့သို့သော ဧရာမခုံညင်းနွယ် အရုံကြီးများ မရှိတော့ ပြီ။ ငယ်ဘဝက ဆော့ကစားခဲ့သော ခုံညင်းနွယ် အရုံကြီး အောက်တွင် တစ်ညတာ ပြန်၍ နားနေလိုသော သူဌေးကြီး၏ ဆန္ဒကို ကိုဘမင်းက တတ်နိုင်သမျှ အတုပြုလုပ် တည်ဆောက်ပေး ရခြင်း ဖြစ်သည်။

မဏ္ဍပ်အတွင်း မြေပြင်ပေါ်တွင် သဘော်ဆေးရောင်စုံ သုတ်ထားသော

သစ်ရွက်များ ကြဲဖြန့်ထား၏။ စားပွဲ၊ ကုလားထိုင်များကို ကျောက်တုံးကြီးများ၊ သစ်မြစ်ဆုံများ၊ ခြတောင်ပို့ကြီးများ သဖွယ် ဖန်တီးခင်းကျင်းထား၏။ မဏ္ဍာပတ်လည်ရှိ သစ်ပင်ကြီးများပေါ်၌ သစ်သီးများသဏ္ဍာန် ချိတ်ဆွဲထားသော လျှပ်စစ်မီးသီးများသည် မှောင်စပျိုးသည်နှင့် မှည့်ဝင်း လင်းလက်လာကြပေလိမ့်မည်။

ကျေးငှက်မြည်သံ၊ သမင်တောက်သံ၊ ချေဟောက်သံများ ကလည်း ချုံနွယ်များတွင် ကွယ်ဝှက်ထားသော အသံအိမ်များထဲမှ သဘာဝ ကျစွာ ပေါ်ထွက်နေကြ၏။

သူဌေးကြီးကား ခုံညင်းနွယ် အရုံကြီးကို အတော်ပင် သဘောကျနေသည်။

ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်ကြ၏။ ကိုညို၏ မျက်နှာ ပြုံးရွှင်နေသည်။

ခဏအကြာတွင် ညွှန့်ခံပွဲစသည်။ ဘီယာဘူး၊ ဖျော်ရည်ဘူး ဖောက်သံများ တဖြောင်းဖြောင်း ပေါ်ထွက်လာရာ တိုက်ပွဲလေး တစ်ခု ဖြစ်ပွားနေသလို ထင်ရသည်။

အကြော်ဆရာများ၏ လက်စွမ်းပြ စားသောက်ဖွယ်ရာ များသည် မဏ္ဍပ်ဘေးရှိ မြတ်လေးရုံအတွင်းမှ တစ်ပန်းကန်ပြီး တစ်ပန်းကန် ရောက်လာ၏။

တန်ဖိုးကြီး မားသော တိုင်းတစ်ပါး ဖြစ် အရက်မျိုးစုံတို့သည် မဏ္ဍပ်အတွင်းဝယ် ပြုံးပြက် ဖိတ်လက်နေကြ၏။

"မောင်ညိုရေ မင်းသိပ်ပင်ပန်းနေပြီ"

သူဌေးကြီးက ကိုညိုအား အရက်ခွက် မကြာခဏ ကမ်းပေး၏။ ဆုချသည့် သဘောမျိုး ဖြစ်ပေလိမ့်မည်။

ကိုညိုက သူဌေးကြီး ကမ်းလင့်သော အရက်ခွက်ကို လက်နှစ်ဖက်ဖြင့်

တရိတသေ ယူပြီး မော့ချလိုက်တတ်၏ ။

ကိုညို၏ မျက်နှာသည် ရေသဖန်းသီးမှည့် သဖွယ် ရဲတွက်နေသည်။ ခုံညင်းနွယ်အရုံကြီး အတွင်း၌ ကား ရီဝေယစ်မူး စပြုနေသူတို့၏ ယိမ်းနွဲ့လူပ်ရှားသော အမူအရာ ဟန်ပန်၊ စကားထပ်တလဲလဲ ပြောသံ၊ ပုလင်းသံ၊ ဖန်ခွက်သံ ၊ ဇွန်းသံ၊ ခက်ရင်းသံ များဖြင့် ဆူညံကာ ရုတ်ရုတ်သဲသဲ ဖရိုဖရဲ ဖြစ်လျက် ရှိလေသည်။

* *

(၃)

သူဌေးကြီး အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည်။

ပရိသတ်များကား မဏ္ဍပ်ထဲတွင် အတုံးအရုံး အိပ်ပျော်နေကြ၏ ။

လသည် မဏ္ဍပ်၏ အနောက်ဘက်စွန်း တွင် ထိန်ထိန်သာ လျက်ရှိ၏ ။ လရောင်အောက် တွင် တောအုပ်တစ်ခုလုံး တောက်ပရွှန်းလက်နေသည်။

ကညင်ပင်ကြီး များက ခေါင်းတညိတ်ညိတ်နှင့် ကိုယ်ကို လူပ်ယိမ်းနေကြ၏ ။ ညောင်ရွက်များ က အမျိုးအမည် မသိသော ဂါထာမန္တာန် များကို ရွတ်ဆိုနေကြသည်။ ဇလပ်ပင်လေး တွေ ကခုန်နေကြ၏ ။ ညဥ့်ငှက်များက တစ်ပင်မှ တစ်ပင် ပျံဝဲကူးသန်း နေကြသည်။ ယခုအချိန်အခါ၌ တောရဂုံသည် တကယ်ပင် အသက်ရှင်နိုးထ၍ လာခဲ့လေပြီ။

သူဌေးကြီး၏ စိတ်သည် ပကတိ ကြည်လင်ဆန်းလန်း လျက်ရှိ၏ ။

အဝေးဆီမှ စမ်းရေစီးသံက သူ့အား ညို့ခေါ်နေသလို ရှိသည်။

စမ်းရေစီးသံသည် သူ့နဖူးပြင်မှ စိမ့်ဝင်သွားကာ ဦးခေါင်းထဲမှ တစ်ဆင့် တစ်ကိုယ့်လုံး ရှိသွေးကြောများထဲတွင် ပျံ့နှံ့လှည့် ပတ်နေသည်။

ဤမြိုင်ခြေ၌ အကျႌမပါဘဲ ပုဆိုးတိုတို ဝတ်ထားသည့် လူငယ်လေး တစ်ဦးသည် မျောက်တစ်ကောင်ပမာ လှည့်လည်သွားလာ နေခဲ့ဖူးလေသည်။

သူဌေးကြီး သည် အိပ်ငွေ့ ချထားခံရသူ မဏ္ဍပ်ထဲမှ ထွက်လာခဲ့၏ ။

ကျွန်းပင်အိုကြီး များက အဘိုးအဘွားများ သဖွယ် တွန့်ရှုံ့တွဲကျနေသည့် မျက်ပျဉ်းဖုံးသော မျက်လုံးများဖြင့် သူ့ကို ငုံ့ကြည့်နေကြသည်။ ချုံနွယ်များက သူ၏ နဖူး၊ ရင်ဘတ်တို့ကို တယုတယ ပွတ်သပ်ပေးကြ၏ ။ ဆီးဆိမ့်သီးတစ် ခိုင်က သူ့ပါးစပ်နားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေသောကြောင့် လှမ်းဟပ်လိုက်ပြီး မြို့ဝါးလိုက်သော အခါတွင် ပို၍ လန်းဆန်းသွား၏ ။ ခဏကြာလျှင်ဒူရင်ကောက် မန်ကျည်းပင်ကြီးကို တွေ့လိမ့်မည်။

ထိုမန်ကျည်းပင်အောက်မှာ မျှော်ကြည့်လျှင် သွယ်သွယ် ချွန်းချွန်းနှင့် တောင်စွယ် လေးတစ်ခုကို မြင်ရလိမ့်မည်။

လမ်းဘေးတောင် နံရံပေါ်မှ ချုံနွယ်များထဲတွင် အရွက်နီနီလေး တွေနှင့် အပင်များ၊ အရွက်ဖြူဖြူ လေးတွေနှင့် အပင်များကို ထူးထူးခြားခြား တွေ့ရ၏ ။

အတန်ငယ် လျှောက်မိသည့် အခါ၌ ရင်ဘတ်ကို ကော့ထားသော မန်ချည်းပင် ကြီးကို တကယ်ပင် မြင်တွေ့ရ၏ ။ တအောင့်တနား ထိုင်၍ မျှော်ကြည့်ရာ မြက်ခင်းပေါ်၌ ဆိုက်ကပ်ထား သလိုရှိသော သဘော်ဦးသဏ္ဌာန် တောင်စွယ်ကို တွေ့ရ၏ ။ ချောက်ကမ်းပါးထဲ၌ ဝါးရုံပင်များသည် အမွေးဖွားဖွား နှင့် တိုးနယား ကြီးများပမာ တလူးလူး တလွန့်လွန့် ရှိနေသည်။

ကျွန်းပင်ပေါက်လေး များအနီး၌ တောစံပယ်ပွင့်တွေ ဖွေးဖွေးလှုပ်နေသည်။

သစ်ပင်ကြီးများ အောက်မှ ဖြတ်သွားသည့်အခါ အမှောင်ထဲ တွင် စမ်းတဝါးဝါး လျှောက်လှမ်း လာရပြီးမှ ဘွားခနဲ မျက်နှာချင်း လာအပ်သော လဝန်းကို ခင်မင်စွာ သူပြုံး၍ ကြည့်နေမိ၏ ။

တစ်သမတ်သည် မြည်ကြွေးနေသော ပုစဉ်းရင်ကွဲအသံများကို မဟာယာန ဘုန်းတော်ကြီး တစ်ပါး၏ တုံးငယ်ခေါက်သံသဖွယ် အဆက်မပြတ် ကြားနေရ၏ ။

ထာဝရတရား၏ အဓ္ဓုတ္တအတွင်းမှ ခွေးသွားစိတ်များ နရီမှန်မှန် လည်ပတ်နေသံကို သူကြား နေရသည်။ ခရေပင်အုပ် အတွင်းသို့ ရောက်လာသောအခါ ၌ ပုစဉ်းရင်ကွဲ မြည်သံများကို မကြားရတော့ပေ။ စမ်းရေစီးသံကို ပြန်ကြားရ၏ ။ စမ်းရေထဲမှ လှုပ်ရှေ့နေသော မိမိမျက်နှာကို ငုံ့ကြည့်ချင်သည်။

စမ်းရေအေးဖြင့် မျက်နှာ၊ လည်ကုပ်တို့ကို ပွတ်သပ်ချင်၏ ။ စမ်းရေကို လက်ခုပ်ဖြင့် ခတ်၍ သောက်ချင်သည်။ မြေပြင်သည် ခပ်ပြေပြေ နိမ့်ဆင်းလာရာမှ တစ်နေရာတွင် ရုတ်တရက် မတ်မောက်စွာ နိမ့်ကျသွားသည်။

ချောက်ကမ်းပါးစွန်း တစ်ခုပါလား။

အောက်သို့ ဆက်၍ ဆင်းရန် မလွယ်တော့ပေ။

ရှေ့ဆက်မသွားဘဲ လက်ယာဘက်သို့ အတန်ငယ် လျှောက်လာသည့် အခါ တောင်အောင်သို့ ဆင်းရန် သိပ်မခက်သော ဆင်ခြင်လျှော တစ်ခုကို တွေ့ရ၏ ။

သမုန်းပင်ကြီး တစ်ပင်အောင်မှ ထွက်လာသော ရေသောက်မြစ် အရှည်ကြီးကလည်း လက်ရန်းသဖွယ် ကိုင်တွယ်အားပြု၍ ရ၏ ။ ငုံ့ကြည့်လိုက် သောအခါ၌ တောင်ကြားထဲတွင် ရွှေ့လျား တွားသွားနေသော အရောင်လက်လက်ကို မြင်ရသည်။

စမ်းချောင်းလေးကို ရောက်တော့မှာပါလား။

* *

## (၄)

"သူဌေးကြီး မရှိတော့ဘူးဟေ့"

အစောဆုံးနိုးလာသော ရွှေကုန်သည်က အော်ဟစ်လိုက်သည့် အခါ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏ ။ အိပ်ရာမှ လူးလဲထလာပြီး မဏ္ဍပ်ဝန်းကျင် ဟိုဟိုဒီဒီ လျှောက်ကြည့် ကြသည်။

တပိုတပါးများ သွားလေသလား။ ရှာသူကရှာ၊ စောင့်သူက စောင့်သော်လည်း သူဌေးကြီးကား ပေါ်မလာတော့။ သူဌေးကြီး ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

"ကျွန်တော် သတိလက်လွတ်သွားလို့ ဖြစ်ရတာ ပါဗျာ၊ ကျွန်တော့်အပြစ်ပါ"

ကိုညိုက ကိုက်ခဲနေသော ခေါင်းကို လက်ဖြင့်နှိပ်ရင်း တဗျစ်တောက်တောက် ပြောသည်။

"စမ်းချောင်းနားမှာလည်း မတွေ့ဘူး၊ အင်ကြင်းမြှောင် တစ်ဝိုက်မှာတော့ အတော်နှံ့နေပြီ"

"ရွာပြန်ပြီး ရွာသားတွေကို သွားခေါ်ကြဟေ့"

သူကြီး ဦးသံရောင်က ပြော၏ ။

“ဆင်စခန်း ကလူတွေကို အကူအညီတောင်းရင်လည်း ရနိုင်တယ်”

ကိုဘမင်းက ပြောသည်။

“ကောင်းသလိုသာ လုပ်ကြပါတော့ဗျာ၊ ကျွန်တော်တော့ ခေါင်းတွေမူးနောက်ပြီး ဘာမှမကြံတတ်အောင် ဖြစ်နေပါပြီ”

ကိုညိုကြား အသံသဲ့သဲ့သာ ထွက်တော့၏။ ဆင်စခန်းမှ လူများက အရင်ရောက်လာ၏။

“ပြန်ပေးများ ဆွဲသွားလေသလား“

“ရုတ်တရက် မကျန်းမမာဖြစ်ပြီး တစ်နေရာရာမှာများ လဲကျနေတာ ဖြစ်မလား”

“သူက ဒီတောဒီတောင်ထဲမှာ ကြီးပြင်းခဲ့တဲ့ လူဆိုတော့ တစ်နေရာရာကိုများ အလွမ်းပြေ သွားကြည့် နေရော့သလားဗျာ”

“ဩော် . . .ဒါဆိုလည်း ပြန်လာလောက်ပြီပေ့ါဗျာ၊ အချိန်မှ မနည်းတော့တဲ့ဟာ”

“အန္တရာယ်တစ်ခုခု တွေ့နေပြီ ထင်ပါရဲ့”

ရွာသားများ ရောက်လာသည့်အခါ၌ လျှိုမြောင်အထပ်ထပ် အတွင်းမှာ တောနင်းပြီး ရှာဖွေကြ၏။

“ဦးကျော်ခေါင် . . .ဦးကျော်ခေါင်၊ ဗျို့ . . .သူဌေးကြီး ဦးကျော်ခေါင်”

သူဌေးကြီး၏ အမည်ကို တကြော်ကြော် အော်ခေါ်၍ လည်း ရှာဖွေကြ၏။ ဆင်ခေါင်း တောင်၊ ရွှေသမင်တော၊ ပုန်းညက်ကုန်းတို့ အတွင်းဝယ် မွှေနှောက် ရှာဖွေကြ၏။

“ဆင်ခေါင်းတောင်၊ ရွှေသမင်တော၊ ပုန်းညက်ကုန်းတို့ အတွင်းဝယ်

မွေ့နှောက် ရှာဖွေကြ၏။

သဲလွန်စ တစ်စုံတစ်ရာကို မျှ မတွေ့ရ။ ကိုညိုကား ညှိုးချုံးလျက် ရှိလေသည်။

"ဒီမှာ ဖိနပ်တစ်ဖက် တွေ့ပြီဟေ့"

ပေါင်ပွဲ ချုံအနီးမှ ကတ္တီပါဖိနပ် တစ်ဖက်ကို တွေ့၏။ တစ်လခန့် အကွာတွင် နောက် ဖိနပ်တစ်ဖက်ကို တွေ့သည်။ သူဌေးကြီး ဦးကျော်ခေါင်၏ ဖိနပ်များမှလွဲ၍ အခြား မည်သူ၏ ဖိနပ်မျှ မဖြစ်နိုင်။ ချုံစပ် သဲပြင်ပေါ်ဝယ် သွေးကွက်ကြီး တစ်ကွက်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရပြန်၏။

ထိုနောက် တရွတ်တိုက် ဆွဲသွားသော စွပ်ကြောင်းရာကြီးကို တွေ့ရ၏။ စွပ်ကြောင်းအတိုင်း လိုက်သွားကြရာ ကျောက်ဂူလိုဏ်ဝသို့ ရောက်သည်။

"ဂူထဲကို အရမ်းမဝင်ကြနဲ့ဟေ့။ ဂူထဲမှာ တောကောင် ရှိလိမ့်မယ်"

သူကြီး ဦးသံရောင်က သတိပေး၏။ ဂူရှေ့မှာ ရပ်ပြီး အကဲခတ် စောင့်ကြည့်နေကြသည်။ အချို့မှာ ဂူထဲသို့ ဝင်မည်တကဲကဲ လုပ်နေဖြင့် တားရ၏။

ဂူထဲမှ ကျားဟိန်းသံ ထွက်ပေါ်လာသည်။ အားလုံး ထိတ်လန့်သွားကြ၏ ။

"တောချောက်ကြဟေ့"

ဆင်စခန်းမှ လိုက်လာသော တောခေါင်းက အမိန့်ပေးသည်။ ဝါးပိုးဝါးများကို ရိုက်နှက်ကြ၏။ ညာသံပေး အော်ဟစ်ကြ၏။ ထိုစဉ် ကျားဟိန်းသံ ထွက်ပေါ် လာပြန်သည်။

"သတိထားကြဟေ့၊ သတိထားကြနော်"

ကိုဘမင်းက အော်ပြောလိုက်၏။

ရုတ်တရက် လိုဏ်ဂူထဲမှာ ကျားကြီးတစ်ကောင် ခုန်ထွက်လာသည်။ ကျောလျားရှည်ရှည် နှင့် ဧရာမကျားကြီးပါကလား။ ကျားသည် တောင်ကုန်းလေး ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏ ။ လူအုပ်ကို မထီတရီဖြင့် လည်ပြန်ကြည့်ရင်း ခေတ္တမျှ တွေတွေကြီး ရပ်နေသည်။

ထိုနောက် တောထဲသို့ ရိပ်ခနဲ ပြေးဝင်သွားတော့၏ ။

ဂူထဲသို့ လူအများ ပြေးဝင်သွားကြသည်။ မည်သူ့ကိုမျှ တားဆီး၍ မရတော့။ သူဌေးကြီး၏ အလောင်းကို ရှာဖွေကြသည်။ အလောင်းကို ကား မတွေ့ကြရတော့။

သူဌေးကြီး၏ ပုဆိုးအကျႌတို့မှ ပြတ်သတ် စုတ်ပြဲထွက်လာသော အဝတ်စများနှင့် ရွှေချည် ငွေချည်များကိုသာ ဟိုတစ်စ သည်တစ်စ မြင်တွေ့ကြရသည်။

ယင်းအစ အနများအနီးတွင် လတ်လတ်ဆတ်ဆတ် ယိုချသွားသော ကျားချေးပုံကြီးကို တွေ့ရ၏ ။ ကိုညိုသည် ကျားချေးပုံကြီး၏ ဘေးသို့ပြေးသွားပြီး ဆောင့်ကြောင့် ထိုင်ချလိုက်သည်။ သည်းအူပြတ်ကြွေတော့ မတတ် မချိတင်ဘဲ အော်ဟစ်လိုက်သော ကိုညို၏ အသံကို ကြားကြ ရ၏ ။

“ဆရာ . . .ဆရာ . . ဆရာရေ . . ဆရာရဲ့”

ကိုညိုသည် အရူးတစ်ယောက်ပမာ အော်ဟစ်ရင်း ကျားချေးများကို ကျောပိုးအိတ် အတွင်းသို့ လက်နှစ်ဖက်ဖြင့် ကျုံးထည့် နေလေသည်။

* *